သတင်းထုတ်ပြန်ချက်

FORTIFY RIGHTS

# မြန်မာ/ဘင်္ဂလားဒေ့ရှ်- ရိုဟင်ဂျာအရပ်သားများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်မှု၊ မဖြစ်မနေစစ်မှုထမ်းစေခြင်းရပ်ဆိုင်းရေး

***အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ထားသော ရိုဟင်ဂျာဒုက္ခသည်များအား မြန်မာစစ်ကောင်စီက အတင်းအကျပ် စစ်မှုထမ်းစေခဲ့သည်ကို စုံစမ်းစစ်ဆေးမှုအသစ်တွင် တွေ့ရှိရပါသည်။***

(ကော့ဘဇား၊ ဇူလိုင်လ ၂၆ ရက်၊ ၂၀၂၄ ခုနှစ်) — ရခိုင်ပြည်နယ်နှင့် အခြားနေရာဒေသများတွင် မြန်မာစစ်ကောင်စီ၏ တရားမဝင် အတင်းအကျပ် စစ်မှုထမ်းခေါ်ဆောင်ခြင်း လှုပ်ရှားမှုကို ရပ်တန့်ရမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်တွင် လှုပ်ရှားသော ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များသည် ရိုဟင်ဂျာ ဒုက္ခသည်များအား အတင်းအကျပ်ဖမ်းဆီးခေါ်ဆောင်နေခြင်းကို တားဆီးသင့်သည်ဟု Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။ Fortify Rights ၏ စုံစမ်းစစ်ဆေးမှုအသစ်အရ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာဒုက္ခသည်များကို အတင်းအကြပ်ဖမ်းဆီးခေါ်ဆောင်ခံရ ပြီးနောက် ဖမ်းဆီးခံရသူများကို မြန်မာနိုင်ငံသို့ ပို့ဆောင်ပြီး မြန်မာစစ်ကောင်စီထံ အတင်းအကျပ်ဝင်ရောက် စေခဲ့ကြောင်း တွေ့ရှိရသည်။ ဤလုပ်ရပ်များသည် စစ်ဥပဒေများကို ချိုးဖောက်နိုင်ပြီး လူကုန်ကူးမှု မြောက်ပါသည်။

“မြန်မာစစ်ကောင်စီက ကျူးလွန်လျက်ရှိတဲ့ လူမျိုးတုံးသတ်ဖြတ်နေမှုကနေ လွတ်မြောက်လာတဲ့ ရိုဟင်ဂျာတွေဟာ အခုဆိုရင် သူတို့အပေါ် ရက်စက်ကြမ်းကြုတ်မှုတွေ ကျူးလွန်ထားတာတွေအတွက် အဓိက တာဝန်ရှိသူတွေရဲ့ စစ်မှုထမ်းတပ်သားအဖြစ် ပါဝင်ဖို့ အတင်းအကျပ် ခိုင်းစေခံနေရပါတယ်” ဟု Fortify Rights မှ Human Rights Associate ဖြစ်သူ Ejaz Min Khant က ပြောကြားပြီး “ရိုဟင်ဂျာတွေကို ဖမ်းဆီးခေါ်ဆောင်မှုနဲ့ အတင်းအဓမ္မ စစ်ကောင်စီတပ်သားစုဆောင်းမှုဟာ လူကုန်ကူးမှုမြောက်တာကြောင့် အရေးတကြီးဖြေရှင်းသင့်ပါတယ်။”ဟု ဆိုပါသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် ဇူလိုင်လကြားတွင် Fortify Rights သည် မြန်မာစစ်ကောင်စီမှ အတင်းအကျပ်စစ်မှုထမ်းစေခဲ့သည့် ရိုဟင်ဂျာ ခြောက်ဦးနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ စခန်းများမှ ပြန်ပေးဆွဲခေါ်ဆောင်ခံခဲ့ရပြီး မြန်မာစစ်ကောင်စီရဲ့ အချုပ်ခန်းသို့ ပြောင်းရွှေ့ပို့ဆောင်ခံခဲ့ရသော ရိုဟင်ဂျာ လေးဦး အပါအဝင် ရိုဟင်ဂျာ ၂၃ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ Fortify Rights သည်

စစ်မှုထမ်းရန် အတင်းအကြပ်ခေါ်ဆောင်ခံခဲ့ရသူတစ်ဦးချင်းစီရဲ့မိသားစုဝင်များနှင့် အတင်းအဓမ္မ စစ်ကောင်စီတပ်သားစုဆောင်းမှုအား မျက်မြင်သက်သေရှိထားသူများအပါအဝင်၊ ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ (RSO) လက်နက်ကိုင်အဖွဲ့မှ အကြီးတန်းခေါင်းဆောင် နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ် အခြေစိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့ဝင်လုပ်သားတစ်ဦးတို့နှင့်လည်း စကားပြောခဲ့သည်။

Fortify Rights သည် မြန်မာနိုင်ငံရှိ စစ်ကောင်စီခြံဝင်းအတွင်း ရိုဟင်ဂျာအချို့စစ်ရေးလေ့ကျင့်မှုတွင် မြင်ရသည့် ဗီဒီယိုနှင့် ဓာတ်ပုံများကို စိစစ်လေ့လာထားသည်။ Fortify Rights အနေဖြင့် မြန်မာစစ်ကောင်စီမှ တရားမဝင် စစ်မှုထမ်းခြင်းများကို အကောင်အထည်ဖော်ရန် ထုတ်ပြန်ထားသည်များဖြစ်သည့် မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ တာဝန်ရှိသူများထံသို့ ညွှန်ကြားချက်များ၊ မှတ်ပုံတင်ပုံစံများ၊ အသိပေးစာများနှင့် အထောက်အထားကဒ်များ ပါဝင်သည့် စာရွက်စာတမ်းငါးခုကိုလည်း စိစီစစ်လေ့လာခဲ့သည်။

"ကျွန်တော့် အိမ်ကနေ ထွက်လာတဲ့အချိန်မှာ မြန်မာစစ်ကောင်စီတပ်သားတွေက ကျွန်တော့်ကို သေနတ်နဲ့ ချိန်ထားတယ်" ဟု ရခိုင်ပြည်နယ်၊ဘူးသီးတောင်မြို့နယ်၊ ရပ်ကွက် ၅ နေသူ အသက် ၂၁ နှစ်အရွယ်ရှိ ရိုဟင်ဂျာ အမျိုးသားတစ်ဦးက Fortify Rights သို့ ပြောသည်။ "မြန်မာစစ်ကောင်စီက လမ်းဆုံတွေတိုင်းမှာ ကင်းလှည့်နေတယ်။ ကျွန်တော့်အိမ်ကို စစ်သား ၈ ယောက် ရောက်လာတယ်။ သူတို့အားလုံးမှာ သေနတ်တွေ ရှိတယ်။ သူတို့က အစိမ်းရောင် ယူနီဖောင်းတွေ ဝတ်ထားတယ်။

အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား အမျိုးသမီးများကို မဖြစ်မနေ စစ်မှုထမ်းရမည်ဟူသည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာပြီးနောက် မကြာမီ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အဆိုပါအမျိုးသားကို မြန်မာစစ်ကောင်စီက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ စစ်သားများသည် အမျိုးသား၏နေအိမ်နှင့် ခြောက်မိုင်ခန့်အကွာတွင်ရှိသော ငကြည်ဒေါက်ကျေးရွာရှိ ခြေမြန်တပ်ရင်း (ခမရ) ၅၃၅ စစ်စခန်းသို့ ပို့ဆောင်ခဲ့သည်။ ထို့နောက် ၎င်းသည် မလွတ်မြောက်မီ ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။ လေ့ကျင့်မှုနှင့်ပတ်သက်၍ ၎င်းက "ကျွန်တော်တို့တွေကို သေနတ်ကိုင်တာ၊ တွားသွားတာ၊ ဖြုန့်ခွင်းတာ၊ သေနတ်ပြုပြင်တာ၊ သေနတ်ပစ်ခတ်တာတွေ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ တိုက်ပွဲမှာ သေနတ်နဲ့ ချိတက်နည်းကို သင်ပေးခဲ့တယ်။"

ထိုနေ့တွင်ပင် ဘူးသီးတောင်မြို့နယ်၊ ရပ်ကွက် ၅ နေသူ၊ အသက် ၂၄ နှစ်အရွယ်ရှိ ရိုဟင်ဂျာအမျိုးသားတစ်ဦးကို မြန်မာစစ်ကောင်စီက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ စစ်သားများက ခမရ ၅၃၅ အခြေစိုက်စခန်းတွင် စစ်သင်တန်းတက်ရန် အတင်းအကြပ်ခိုင်းစေပုံကို ၎င်းက Fortify Rights အား အလားတူ ပြောပြသည်။ သူက "ကျွန်တော်သေနတ်မကိုင်ချင်ဘူး… သေနတ်ကိုင်ပြီး ပစ်ရတဲ့ စစ်ရေးလေ့ကျင့်မှုတွေ ကျွန်တော် လုပ်ခဲ့ရတယ်"

မြန်မာစစ်ကောင်စီထဲသို့ အတင်းအဓမ္မ ဝင်ရောက်စစ်မှုထမ်းစေခြင်းသည် နိုင်ငံတဝှမ်းတွင် ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။ စစ်ကောင်စီက အစီအစဉ်ကို စတင်သည့်နေ့အား ဧပြီလ၊ ၂၀၂၄ ခုနှစ် ကို ပြဌာန်းထားသော်လည်း ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကြေညာပြီးနောက် မကြာမီတွင် ရိုဟင်ဂျာအရပ်သားများအား ပြန်ပေးဆွဲကာ ဖမ်းဆီးခေါ်ဆောင်ပြီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခိုင်းစေခဲ့သည်။

ဘူးသီးတောင်မြို့နယ်ရှိ အသက် ၃၈ နှစ်အရွယ် ရိုဟင်ဂျာကျေးရွာခေါင်းဆောင်တစ်ဦးက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ရှိ စစ်နည်းဗျူဟာဆိုင်ရာကွပ်ကဲမှုဌာနချုပ်တွင် ကျင်းပသည့် အစည်းအဝေးတစ်ခုနှင့်ပတ်သက်၍ Fortify Rights သို့ ပြောကြားခဲ့သည်။ ၎င်းမှ ပြောပြသည်မှာ "အစည်းအဝေးမှာ ဗိုလ်ကြီးက ကျွန်တော်တို့ ရိုဟင်ဂျာတွေက ကျွန်တော်တို့ရွာတွေ လုံခြုံရေးအတွက် စစ်ကောင်စီတပ်ထဲဝင်ရမယ်။ … စစ်ကောင်စီတပ်က ကျွန်တော်တို့ကို (ကျွန်တော်တို့ရွာကလူတွေ) စာရင်းပေးဖို့ တော်တော်ကို ဖိအားပေးတာ။ ရွာကလူငယ်တွေက ငြင်းတဲ့အခါမှာတော့ စစ်ကောင်စီက ကျွန်တော်တို့ကို ခြိမ်းခြောက်တယ်။"ဟူ၍ ဖြစ်သည်။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ရှိ စစ်နည်းဗျူဟာဆိုင်ရာကွပ်ကဲမှုဌာနချုပ်တွင် ခမရ ၂၃၃၊ ၂၃၄ နှင့် ၂၆၃ တို့ ပါဝင်ကြောင်း သိရသည်။

"ကျွန်တော်က မတ်လ ၁ ရက်နေ့၊ ၂၀၂၄ မှာ ဖမ်းဆီးခံရတယ်" ဟု အသက် ၁၇ နှစ်အရွယ် ရိုဟင်ဂျာ ဒုက္ခသည် လူငယ်တစ်ဦးက Fortify Rights သို့ ပြောကြားပြီး ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့တစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ယုံကြည်ရသော လက်နက်ကိုင် အမျိုးသားများက ၎င်းကို ဒုက္ခသည် စခန်းတစ်ခုမှ အတင်းအဓမ္မ ခေါ်ဆောင်သွားကာ ဘင်္ဂလားဒေ့ရှ် မှ မြန်မာနိုင်ငံသို့ ပို့ဆောင်ခဲ့သည်ဟု ဖော်ပြပြောကြားခဲ့သည်။

FORTIFY RIGHTS

၎င်းက "ကျွန်တော်လက်ဖက်ရည်သောက်နေတဲ့ ကဖေးကို လူခုနှစ်ယောက်လောက် ရောက်လာတယ်။ သူတို့က ကျွန်တော့်ကို သေနတ်နဲ့ ချိန်၊ မျက်စိကို အဝတ်နဲ့ ပိတ်စည်းပြီး လက်တွေ၊ခြေတွေကို ကြိုးနဲ့ ချည်ပြီး အဲဒီကနေ့ ဖမ်းခေါ်သွားကြတယ်။ ပြီးတော့ ကျွန်တော့်ကို မြန်မာနိုင်ငံကို ခေါ်လာတယ်... အဲဒီနောက်မှာတော့ မြို့သူကြီး BGP [နယ်ခြားစောင့်ရဲ] ဌာနချုပ် [ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်] ကို ခေါ်သွားတယ်။

ထို့နောက်တွင် ယင်းလူငယ်သည် လေ့ကျင့်ရေးစခန်းမှ ထွက်ပြေးကာ ယခုလက်ရှိ ပုန်းရှောင်နေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်သွားခဲ့သည်။

၂၀၂၄ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အခြားဒုက္ခသည်များနှင့်အတူ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့တစ်ခု၏ တစ်စိတ်တစ်ပိုင်းဟု ယူဆရသည့် လူတစ်စုက ရိုဟင်ဂျာအမျိုးသား ကိုးဦးကို မည်ကဲ့သို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အခြားရိုဟင်ဂျာ အမျိုးသားတစ်ဦးက Fortify Rights သို့ ပြောကြားခဲ့သည်။

"ညနေ ၃း၃၀ လောက်က ဈေးထဲမှာ အဖမ်းခံလိုက်ရတယ်။ ... ကျွန်တော်အပါအဝင် ၁၁ ယောက် [ပြန်ပေးဆွဲခံရ]။ ... ဂျုမာဝတ်ပြုဆုတောင်းပြီးတော့ အစည်းအဝေးတစ်ခု [နေ့လည် ၂ နာရီခန့်တွင်] ရှိတယ်လို့ ကျွန်တော်တို့ကို ပြောတယ်။ ... အဲဒီနောက် ကျွန်တော်တို့ကို ကားပေါ်ခေါ်တင်ပြီး ညနေ ၅ နာရီမှာ တက္ကနတ် (ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်) ဆိပ်ခံတံတားကို ခေါ်သွားကြတယ်။ ည ၁၁း၃၀ လောက်မှာ ကျွန်တော်တို့ကို မြန်မာနိုင်ငံကို ပို့တယ်။

အဆိုပါ အမျိုးသားက မြန်မာစစ်ကောင်စီမှ ၎င်းတို့အဖွဲ့အား ဖမ်းဆီး၍ စစ်ရေးလေ့ကျင့်မှု ခံယူရန် အတင်းအကြပ် ခိုင်းစေခဲ့ပုံနှင့် ပတ်သက်၍ ပြောသည်။
ကျွန်တော်တို့ကို လှေပေါ်မှ ခေါ်တင်ပြီး မောင်တောမြို့နယ်၊ မြို့သူကြီးကျေးရွာရှိ နခခ(၅) လို့ခေါ်တဲ့ နယ်ခြားစောင့်ရဲဌာနချုပ်မှာ ကျွန်တော်တို့ကို ထားပါတယ်။ ... ကျွန်တော် အဖမ်းခံရတာ ခုနစ်ရက်ရှိပြီ။ ... လေ့ကျင့်မှုအတွင်း၊ [မြန်မာစစ်ကောင်စီ] က လေ့ကျင့်မှုတွေ သေချာလိုက်မလုပ်နိုင်ရင် ကျွန်တော်တို့ကို သစ်သားတုတ်နဲ့ ဆိုးဆိုးရွားရွား ရိုက်နှက်ပါတယ်။

နောက်ပိုင်းတွင် အဆိုပါ အမျိုးသားသည် စစ်ကောင်စီခြံဝင်းမှ ထွက်ပြေးကာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ပြန်လည် ထွက်ပြေးခဲ့သည်။

အသက် ၂၅ နှစ်အရွယ်ရှိ ရိုဟင်ဂျာအမျိုးသားတစ်ဦးသည် လူ ၁၀ မှ ၁၅ ဦးခန့် ၎င်းအား ဝိုင်းဝန်းဖမ်းဆီးခဲ့ပုံနဲ့ ပတ်သက်ပြီး Fortify Rights သို့ ပြောကြားခဲ့ပြီး ၎င်းထံမှ ငွေညှစ်ကာ မြန်မာနိုင်ငံသို့ ပို့မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ၎င်းက -

[လက်နက်ကိုင်တွေ]က မေလ ၆ ရက်နေ့၊ ၂၀၂၄ ခုနှစ်၊ မနက် ၁၀:၃၀ မှာ ကျွန်တော့်ကို ဖမ်းဆီးခဲ့ပြီး [ဒုက္ခသည်စခန်းရဲ့သီးခြားနယ်မြေတစ်ခု]မှ တာဝန်ခံ [အဖွဲ့ခေါင်းဆောင်] က ကျွန်တော််ကို[တည်နေရာတစ်ခုသို့] ခေါ်နေတယ်လို့ ပြောပါတယ်။ သူတို့က "မင်း မြန်မာနိုင်ငံကို သွားရမယ်။ မဟုတ်ရင် မင်း ငါတို့ကို ဘင်္ဂလားဒေ့ရှ် တာကာ ၁၀၀,၀၀၀  (အမေရိကန်ဒေါ်လာ ၈၅၀ ခန့်) ပေးရမယ်။" ... သူတို့တောင်းဆိုတဲ့ ပမာဏကို ကျွန်တော်မပေးနိုင်ဘူး။ သူတို့က ကျွန်တော့်ကို နှစ်ခါသုံးခါ ရိုက်နှက်တယ်။ နောက်ဆုံးတော့ သူတို့ကို ဘင်္ဂလားဒေ့ရှ် တာကာ ၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၈၅၀ ခန့်) ပေးခဲ့လိုက်ရတယ်။
စခန်းမှာရှိတဲ့ ၎င်း၏ မိသားစုထံမှ အမေရိကန်ဒေါ်လာ ၈၅၀ ပေးချေမှုကို လက်ခံရရှိပြီးနောက်တစ်နေ့တွင် အဆိုပါအမျိုးသားကို ပြန်လွှတ်ပေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်တွင် လုပ်ကိုင်ဆောင်ရွက်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၏ အတွင်းရေးမှတ်စုအရ ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များသည် ၂၀၂၄ ခုနှစ်၊ မတ်လမှ မေလအထိ ရိုဟင်ဂျာဒုက္ခသည် ၁,၇၀၀ ကျော်ကို ပြန်ပေးဆွဲဖမ်းဆီးခဲ့သည်။

၂၀၂၄ ခုနှစ်၊ မေလနှင့် ဇွန်လတွင် Fortify Rights သည် အတင်းအကြပ် တပ်သားသစ်စုဆောင်းခြင်းတွင် ၎င်းတို့အဖွဲ့၏ပါဝင်ပတ်သက်မှုကို ငြင်းဆိုခဲ့သည့် RSO(Rohingya Solidarity Organisation) ၏ အကြီးတန်းခေါင်းဆောင်နှစ်ဦးနှင့် စကားပြောဆိုခဲ့သည်။ အဆိုပါ ခေါင်းဆောင်နှစ်ဦးအနက် တစ်ဦးမှ Fortify Rights သို့ပြောကြားခဲ့သည်မှာ- "ကျွန်တော်တို့ရဲ့တပ်သားသစ် စုဆောင်းမှုအားလုံးဟာ စေတနာ့ဝန်ထမ်းအနေနဲ့ ပါဝင်တာနဲ့ မိမိကိုယ်တိုင်ကိုယ်ကျ အပြည့်အဝသဘောတူချက်အပေါ်အခြေခံထားပါတယ်။  အစုလိုက်အပြုံလိုက် တပ်သားစုဆောင်းမှု မလုပ်ပါဘူး။" ဟု မြန်မာစစ်ကောင်စီ၏ တရားမဝင်အတင်းအကြပ် တပ်သားသစ်

စုဆောင်းမှုအစီအစဉ်တွင် အဖွဲ့၏ပါဝင်ပတ်သက်မှု ဖြစ်နိုင်ချေကို ခေါင်းဆောင်များက ငြင်းဆိုထားသည်။ ခေါင်းဆောင်တစ်ဦးက "ကျွန်တော်တို့ စစ်ကောင်စီနဲ့ ပူးပေါင်းအလုပ်လုပ်တယ်ဆိုတာ လုံးဝကို မှားယွင်းပါတယ်။ ကျွန်တော်တို့က သူတို့ကို တိုက်နေတာ။ ဘာလို့ အခုမှ သူတို့နဲ့ လက်တွဲရမှာလဲ"

"ရာဇဝတ်မှုများအတွက် RSO တွင် တာဝန်ရှိပါက ကျွန်တော်တို့ တာဝန်ယူပါမယ်" ဟု အကြီးတန်းခေါင်းဆောင်တစ်ဦးမှ Fortify Rights သို့ ပြောကြားခဲ့သည်။ " ကျွန်တော်တို့၏အဖွဲ့ဝင်များထဲက သတ်ဖြတ်ခြင်း၊ အတင်းအကြပ် တပ်သားစုဆောင်းခြင်း သို့မဟုတ် မတရားဖိနှိပ်စော်ကားခြင်း ပြုလုပ်ပါက အဖွဲ့ထဲက မည်သူကိုမဆို အပြစ်ပေးပါမယ်။"

Fortify Rights သည် ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံတွင် လှုပ်ရှားနေသော အခြားသော ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များနှင့် Arakan Rohingya Salvation Army (ARSA) နှင့် Arakan Rohingya Army တို့အား ပြန်ပေးဆွဲမှုနှင့် အတင်းအကြပ် စစ်မှုထမ်းခြင်း နှင့် ပတ်သက်၍ အတည်ပြုချက်ရယူရန် စကားပြောဆိုနိုင်ခြင်း မရှိပါ။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ စစ်မှုထမ်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ပြဋ္ဌာန်း ပေးထားပြီး စစ်မှုထမ်းခြင်းဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်၏ အခြေအနေတစ်ခုလုံးတွင် "တရားမျှတမှု ရှိရမည်" ဟု ဖော်ပြထားသည်။ သို့ရာတွင် ပထမဦးစွာ တိကျသောစံနှုန်းအချက်အလက်များကို ဖြည့်ဆည်းရန် လိုအပ်သည်များကို ဥပဒေအရ ကြိုတင်သတ်မှတ်ရေးဆွဲရမည်။ ဒုတိယအနေဖြင့် နိုင်လိုမင်းထက် ခွဲခြားမှုမရှိသောနည်းလမ်းနဲ့ အကောင်အထည်ဖော်ရမည်။ တတိယအနေဖြင့် တပ်သားသစ်များ၏ လုပ်ဆောင်ချက်နဲ့ စည်းကမ်းဟာ စစ်ကောင်စီ၏ လိုအပ်ချက်နဲ့ အစီအမံတွေအပေါ်မှာ အခြေခံရမှာဖြစ်ပြီး၊ နောက်ဆုံးအနေဖြင့် တရားစီရင်ရေးတွင် မေးခွန်းထုတ်နိုင်ဖွယ်ရှိသည်အထိ လုပ်ဆောင်ရမည်ဖြစ်သည်"

"ပြည်တွင်းရှိ စစ်ရှောင်အိမ်ရာမဲ့ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏ အကာအကွယ်ပေးထားသည့် အနေအထားကို မည်သည့်ပါတီကပင် ဖြစ်စေကာမူ ဂရုမစိုက်ဘဲ အတင်းအကြပ် စစ်မှုထမ်းစေခြင်း" ကို "အားလုံးသော အခြေအနေအရပ်ရပ်အရ တားမြစ်ထားသည်" ဟုလည်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က မှတ်ယူထားသည်။

ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်များနှင့် မြန်မာနိုင်ငံရှိ အရပ်သားတွေ အပါအဝင် ရိုဟင်ဂျာတွေကို ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်မှုဟာ လူကုန်ကူးမှုမြောက်ပါသည်ဟု Fortify Rights မှ ပြောကြားပါသည်။ လူကုန်ကူးခြင်းဟူသည်  နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းနှင့် ရာဇဝတ်မှုများဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗန်းရှင်း အပိုဒ် ၃(က)၊ တနည်းအားဖြင့် Palermo Protocol ဟူ၍လည်း သိကြသည့် "တပ်သားစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အကာအကွယ်ပေးခြင်း သို့မဟုတ် ဧည့်သည်အဖြစ် လက်ခံခြင်းတို့တွင် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားအသုံးပြု၍ အကျပ်ကိုင်မှု၊ ပြန်ပေးဆွဲမှု၊ လိမ်လည်မှု၊ လှည့်ဖြားမှု၊ အာဏာအလွဲသုံးစားမှု သို့မဟုတ် အားနည်းချက်ရှိသော အနေအထားအား မတရားဖိနှိပ်ခြင်း ဖြစ်သည်။"ဟု သတ်မှတ်ဖော်ပြသည်။

လွန်ခဲ့သည့်လတွင် အမေရိကန်နိုင်ငံခြားရေးဌာန၏ နှစ်စဉ် လူကုန်ကူးမှု အစီရင်ခံစာတွင် မြန်မာနိုင်ငံအား အနိမ့်ဆုံးစံနှုန်းများနှင့်ပင် မကိုက်ညီသည့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရန် အနိမ့်ဆုံးအဆင့်-၃ နိုင်ငံအဖြစ် ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့သည်။ "မြန်မာစစ်ကောင်စီက EAOs [တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ] နှင့် တော်လှန်ရေးတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက် စစ်ဆင်ရာတွင် တိုက်ခိုက်ရေးနှင့် ထောက်ပံ့ရေး အခန်းကဏ္ဍများ၌ ရိုဟင်ဂျာ လူကြီးများနှင့် ကလေးများအား အတင်းအဓမ္မ တပ်သားသစ်အဖြစ် စုဆောင်း ခေါ်ယူခဲ့သည်ဟု" အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ လ ၁၀ ရက်၊ ၂၀၂၄ ခုနှစ်တွင် မြန်မာစစ်ကောင်စီက "ပြည်သူ့စစ်မှုထမ်းဥပဒေ" အရ တပ်သားသစ်စုဆောင်းခြင်း စတင်မည်ဟု ကြေညာခဲ့သည် — အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား အမျိုးသမီးများ မဖြစ်မနေ စစ်မှုထမ်းရန် ပြဋ္ဌာန်းလိုက်သည့် တရားမဝင်သော အစီအစဉ်တစ်ရပ်ဖြစ်သည်။ ကြေညာပြီး သုံးရက်အကြာတွင် မြန်မာနိုင်ငံ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော ခေါင်းဆောင်များကို ကိုယ်စားပြုသည့် အဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသား စည်းလုံးညီညွတ်ရေးအစိုးရ(National Unity Government of Myanmar) သည် အဆိုပါ အစီအစဉ်အား ရှုတ်ချကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ၎င်းသည် "တရားမဝင်ဘဲ ဥပဒေကြောင်းအရ သက်ရောက်မှု မရှိကြောင်း ပြည်သူလူထုက လိုက်နာဖို့

မလိုအပ်ပါကြောင်းနှင့် အကြမ်းဖက် စစ်အာဏာရှင်တွေဟာ တရားဝင် အခွင့်အာဏာမရှိသော တရားမဝင် အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း" ကို မှန်ကန်စွာ အခိုင်အမာ ပြောဆိုခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည် တစ်သန်းကျော်ကို လက်ခံထားသည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် မြန်မာစစ်ကောင်စီသည် လူမျိုးတုံးသတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက်အဓမ္မပြုကျင့်မှုနှင့် အစုလိုက်အပြုံလိုက် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီး ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် ၈၀၀,၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကျပ် ပို့ဆောင်ခဲ့သည်။ အရေးပါထင်ရှားသည့် ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်သူ Mohib Ullah အား ၂၀၂၁ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခံရပြီးနောက် Fortify Rights သည် ရိုဟင်ဂျာလက်နက်ကိုင်များနှင့် ရာဇဝတ်သားအဖွဲ့များက ရိုဟင်ဂျာများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပြုခြင်းများကို မှတ်တမ်းတင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများတွင် အတင်းအကြပ်စစ်မှုထမ်းခြင်း ကိစ္စများကို မှတ်တမ်းပြုစုခြင်းသည် လုံခြုံရေးအရ စိန်ခေါ်မှုများ ကြီးမားပါသည်။

"ဘင်္ဂလားဒေ့ရှ်အာဏာပိုင်တွေဟာ ဘေးကင်းလုံခြုံမှုရှိနေရမယ့်ဒုက္ခသည်စခန်းတွေက ရိုဟင်ဂျာဒုက္ခသည်တွေကို အတင်းအကြပ် စစ်မှုထမ်းစေခြင်းကနေ ကာကွယ်ပေးဖို့ လိုအပ်ပါတယ်" ဟု Fortify Rights မှ Ejaz Min Khant က ပြောသည်။ "မြန်မာစစ်ကောင်စီက ဒီချိုးဖောက်မှုတွေကို ချက်ချင်းရပ်ပစ်ရပါမယ်။ ရခိုင်ပြည်နယ်နဲ့ ဘင်္ဂလားဒေ့ရှ် စခန်းတွေမှာရှိတဲ့ ရိုဟင်ဂျာတွေရဲ့ အခွင့်အရေးနဲ့ လုံခြုံရေးကို အကာအကွယ်ပေးရေးဟာ တစ်ကမ္ဘာလုံးဆိုင်ရာ ဦးစားပေး ဖြစ်သင့်ပါတယ်" ဟု ပြောသည်။

**For more information, please contact:**


Ejaz Min Khant, Human Rights Associate, Fortify Rights

Languages: Burmese; English

+1 323 7040 220 (Signal, WhatsApp)

Email: ejaz.minkhant@fortifyrights.org

Twitter: ejaz_minkhant, @FortifyRights

Zaw Win, Human Rights Specialist, Fortify Rights

Languages: English, Burmese

+66 95 979 9155 (WhatsApp; Signal)

Email: Zaw.Win@FortifyRights.org

Twitter: : @ZawWin484, @FortifyRights

John Quinley III, Director, Fortify Rights

Languages: English

+66 62 814 1130 (Signal, WhatsApp)

Email: John.Quinley@FortifyRights.org

Twitter: @john_hq3, @FortifyRight